## (၃) ဖျူစေရီယမ်ပင်ညှိုးရောဂါ /ပနားမားရောဂါ) (Banana Fusarium wilt)

**ရောဂါဖြစ်စေသက်ရှိ - *Fusarium oxysporum f.sp. cubense* (E.F. Sm.) W.C. Snyder & H.N. Hansen**

### ရောဂါလက္ခဏာ (ပြင်ပလက္ခဏာ)

ငှက်ပျောအရွက်အရင့်များ ရွက်ဖျားစွန်းမှစ၍ ငှက်ပျောရိုးတံဘက်သို့ အဝါရောင်ပြောင်းလဲလာသည်။ အဝေးမှကြည့်ပါက ငှက်ပျောအောက်လက်မှစ၍ ငှက်ပျောရွက်အားလုံး လိုလို ဝါညိုရောင်ပြောင်း၍ အချို့အပင်များညှိုးနေသည်ကိုတွေ့ရသည်။ ရောဂါဆိုးရွားစွာကျပါက အပေါ် ရွက်အချို့သာ ထောင်နေပြီးအောက်ရွက်များ ရွက်ရင်းမှ ကျိုးကျ (စကတ်ပုံ)နေတတ်သည်။ မြေကြီးနှင့်နီးသော ပင်စည်အပြင်ပိုင်းတွင် အရှည်လိုက် (ဒေါင်လိုက်) အက်ကွဲနေတတ်သည်။ ထိုလက္ခဏာကို နွေရာသီတွင် ပိုတွေ့ရများသည်။

### ရောဂါလက္ခဏာ (အတွင်းလက္ခဏာ)

ရောဂါဖြစ်စေသောမှိုသည် အမြစ်မှ စတင်ဝင်ရောက်ပြီး ငှက်ပျောခေါင်း မှတဆင့် ပင်စည်ရေကြောစည်း အတိုင်း ဝင်ရောက်တိုက်ခိုက်သည်။ ငှက်ပျောအူတိုင် အပြင်ဘက်တွင် ရောဂါကွက်/ ရောဂါလက္ခဏာကို မတွေ့ရပေ။ ပင်စည်ကို ဓားဖြင့် ကန့်လန့်ဖြတ်ကြည့်ပါက အညို/အမဲရောင် ရောဂါကွက်များကို တွေ့ရမည်။ သို့သော် ငှက်ပျောသီးပေါ်တွင် လက္ခဏာမပြပါ။







**ကာကွယ်နှိမ်နင်းနည်း**

- အမြစ်ပြတ် ကာကွယ်နှိမ်နင်းနိုင်သော နည်းလမ်းမရှိပါ။
- ရောဂါကျရောက်သောမြေနေရာတွင် စိုက်ပျိုးခြင်းမှ ရှောင်ကြဉ်ပါ။
- ရောဂါကင်းသောစိုက်ခင်းမှ သားတက်များကိုသာ စိုက်ပျိုးပါ
- ရောဂါရှိသော စိုက်ခင်း/ဒေသမှ သားတက်များအား စိုက်ပျိုးခြင်း/ သယ်ဆောင်ခြင်း မပြုရ (ရောဂါလက္ခဏာ မပြသော်လည်း ရောဂါရှိနိုင်သည်)။
- ခံနိုင်ရည်ရှိသောမျိုးများဖြင့် အစားထိုးစိုက်ပျိုးပါ။
- အမြစ်ဒဏ်ရာမရရှိစေရန်နှင့် နီမတုတ်ကျရောက်မှု မရှိအောင်ဆောင်ရွက်ပါ။
- စိုက်ပျိုးမည့်ငှက်ပျောသားတက်ခေါင်းများကို ပြောင်စင်အောင်ကတုံးတုံးပါ။

- ကတုံးတုံးပြီးပါက Hymexazol, Thiophanate methyl ကို ရေ (၁) လီတာလျှင် (၁-၂) ဂရမ်နှုန်းဖျော်၍ (၅) မိနစ်ခန့် စိမ်ပြီးမှ စိုက်ပါ။
- စပါး/ကြံ စသည့် မျိုးရင်းမတူသည့် သီးနှံများဖြင့် (၂-၃) ရာသီ သီးလှည့်စိုက်ပါက ရောဂါကျရောက်မှုကို သက်သာစေသည်။
- ရောဂါကျသော ငှက်ပျောပင်အား စိုက်ခင်းအတွင်း တွေ့ရှိပါက ချက်ချင်းဖယ်ရှားပါ။
- ရောဂါကျ အပင်အစိတ်အပိုင်းများအား နေခြောက်လှန်း မီးရှို့ပါ။
- Trichoderma (ထရိုင်ကိုဒါးမား) အား စိုက်ကျင်းတစ် ကျင်းလျှင် (၁၅) ဂရမ်နှုန်းဖြင့် (မြေကျင်းတူးချိန်၊ (၃)လသား၊ (၅) လသားနှင့် (၇) လသား )  သက်တမ်းအသီးသီး တွင် ထည့်ပါက ရောဂါကျရောက်မှုကို သက်သာစေသည်။
- ရောဂါရှိသော စိုက်ခင်းသုံးပစ္စည်းများ *(ပေါက်တူး/ဓား/စက်ကိရိယာ)* များအား ပိုးသန့်စင်ပြီးမှသာ သုံးစွဲပါ။